# Newsletter

The Newsletter of Grand Royal Group International Company Limited

Issue-001 (Apirl 2020-June 2020)

GRAND ROYAL GROUP




## BORN IN MYANMAR RESPECTED BY THE WORLD




" **Myanmar's Pride Awards 2019** " presented by Grand Royal Special Reserve, was successfully held on 5 March 2020 at Lotte Hotel's Crystal Ballroom. The ceremony was started with the keynote speech of the Chief Minister of Yangon Regional Government H.E. U Phyo Min Thein and was attended by Yangon Regional Parliament Speaker, H.E. U Tin Maung Tun, Diplomats, respective government officials, special guests and celebrities.









**A LETTER FROM CPO** ► 1

**CSR HIGHLIGHT**

Donate 500 Million MMK worth of Hand Sanitizer Units

Clean Water Project

► 9

**BUSINESS UPDATE**

Myanmar's Pride Awards 2019

MacArthur's Branded Mask Donation

How Do Grand Royal Mainstream Brands Response to Covid-19 ► 11

**HUMAN CAPITAL CORNER**

Learning & Development Program

Prevented Measure Against COVID -19 for Workplaces

# *Dear Fellow Colleagues,*

Mingalabar. First of all, on behalf of the management, let me wish you and your families happy monsoon season. We understand that everybody has already adapted a new normal life style with wearing masks , washing hands frequently and keeping social distances while focusing to accomplish your daily goals although it still is a challenge to sustain.

If something looks to be impossible, look at it in a different way. What you wish to be done can be done, though perhaps not in the way you originally thought. Just because one road is blocked, does not mean that the destination is unreachable. You can always find another road or make your own. An important part of any achievement is making it your own achievement. It is your very own dream, and you must find your way there.

Whatever seems to be blocking you is merely guiding you to be more creative. Each challenge brings with it a new opportunity to add your own unique value to the effort. Your imagination is what first connected you to your dream. Nourish that imagination and let it carry you all the way there.

Let me emphasize again that the new coronavirus represents a major additional challenge for the entire world. The global spread of COVID-19 has already wrecked many lives and has millions more worried. The current crisis shows just how interconnected the world is today. That may present challenges, but it also enables some remarkable solutions – solutions that harness coordinated joint action to fulfill people's essential needs.

At Grand Royal Group International, we are taking every possible precaution to protect our people – teleworking, social distancing, frequent



hand-washing , regular workplace sanitization, distribution of face mask / face shields and much more. We are also doing everything we can to support our customers as well.

The factory team was very prompt in developing the hand sanitizers and distributing all across the organization, not only for our own use , but also helping the country by donations huge amount of hand sanitizers to places where it was required the most. All our business partners were also given sanitizes for free. Even with many of our employees now working from home, we are finding new ways to support the organization move towards profitable growth.

As a mark of appreciation to all our employee who have helped in maintain the discipline as well as kept themselves SAFE during this pandemic, we are distributing a "Thank You" pack containing more preventive material for the use of our employees and their families.

Finally, as we return to our offices and face the new normal, remember that everyone's safety is a shared responsibility. Rest assured that the Company, through the management team will continue to invest on your health and well-being. Stay safe everyone.

*Vivek Bhargava*
Chief People Officer
**The Grand Royal Group International Company Ltd**



## ချစ်ခင်ရပါသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများခင်ဗျာ ....

မင်္ဂလာပါ။ မိတ်ဆွေများနှင့်မိတ်ဆွေများ၏မိသားစုများအနေဖြင့် ပျော်ရွှင်နှစ်လိုဖွယ်ကောင်းသော မိုးရာသီဥတု ရရှိကြုံတွေ့ပါစေကြောင်း စီမံအုပ်ချုပ်မှုအဖွဲ့၏ကိုယ်စား ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အရှည်ထိန်းသိမ်းဆောင်ရွက်ရန် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သော်လည်း လူတိုင်းလူတိုင်းသည် မျက်နှာစည်းများ ဝတ်ဆင်ခြင်း၊ မကြာခဏလက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ကွာကွာနေခြင်း စသည့် ပုံစံအသစ်ကို အသားတကျဖြစ်အောင် နေထိုင်ဆောင်ရွက်လျက် နေ့စဉ်ရည်မှန်းချက်များကို မျက်ခြည်မပြတ်စေဘဲ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နေကြသည့် အဖြစ်ကို မိမိတို့အနေဖြင့် သိရှိနားလည်ပါသည်။

အကယ်၍ ကိစ္စတစ်ရပ်ရပ်သည် မဖြစ်နိုင်သည့် ပုံစံဖြစ်နေပါက အခြားနည်းလမ်းတစ်ရပ်ဖြင့် ပြောင်းလဲရှုမြင်ကြည့်ပါ။ မူလက ကြံရွယ်ထားသည့် နည်းလမ်းဖြင့် မဆောင်ရွက်နိုင်သော်လည်း မိမိပြီးစီးအောင်မြင်လိုသည့်အရာကို အကောင်အထည်ဖော်နိုင်ပါသည်။ လမ်းတစ်နေရာရာ ပိတ်ဆို့နေရုံဖြင့် မိမိရောက်လိုသည့် နေရာကို မရောက်နိုင်ဟူသည့် အဖြစ်မျိုးမရှိပါ။ အခြားလမ်းကြောင်းတစ်ရပ်ရှာခြင်း သို့မဟုတ် မိမိလမ်းမိမိဘာသာထွင်ခြင်းများပြုနိုင်ပါသည်။ မည်သည့်အောင်မြင်မှုမဆို၏ အရေးကြီးသော ကိစ္စတစ်ရပ်မှာ ယင်းအောင်မြင်မှုကို မိမိကိုယ်ပိုင် အောင်မြင်မှုဖြစ်လာအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ မိမိ၏ အိပ်မက်ဆန္ဒ အကောင်အထည်ပေါ်လာအောင် မိမိတို့ရှာဖွေဆောင်ရွက်ရမည် ဖြစ်ပါသည်။ သွားလိုသည့်လမ်းတွင် ပိတ်ဆို့နေသောအရာမှန်သမျှသည် မိမိတို့၏ ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းလာစေရန် လမ်းညွှန်ပြလျက်ရှိပါသည်။ စိန်ခေါ်မှုတိုင်းသည် မိမိတို့၏ အားထုတ်ကြိုးစားမှုတန်ဖိုးများ မြင့်တက်စေနိုင်မည့် အခွင့်အရေးသစ်များကို ဆောင်ကြဉ်းလာတတ်ပါသည်။

မိမိမျှော်လင့်ချက်အိပ်မက်ကို မိမိ၏စိတ်ကူးစိတ်သန်းက ဦးစွာချိတ်ဆက်အစပြုပေးပါသည်။ ယင်းစိတ်ကူးစိတ်သန်းကို ပိုမိုဖွံ့ဖြိုးအားကောင်းအောင် ဆောင်ရွက်ရင်း ယင်းမှတစ်ဆင့် မိမိတို့အလိုရှိရာကို အရောက်သွားနိုင်ကြရန် ဆောင်ရွက်ကြစေလိုပါသည်။ ယခုကိုရိုနာဗိုင်းရပ်အသစ်သည် တစ်ကမ္ဘာလုံးအတွက် အဓိကထပ်ဆောင်းစိန်ခေါ်မှုကြီး တစ်ရပ်ပင်ဖြစ်ကြောင်း မိမိအနေဖြင့် ထပ်မံအလေးထားတင်ပြလိုပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်ဖြစ်ပွားနေသည့် COVID-19 ကြောင့် အသက်ပေါင်းများစွာ ဆုံးပါးခဲ့ရပြီး လူသန်းပေါင်းများစွာကလည်း စိုးရိမ်ပူပန်နေကြရပါသည်။ ကမ္ဘာကြီးတွင် တစ်ဦးနှင့်တစ်ဦး မည်သည့်အတိုင်းအတာထိ ပတ်သက်ဆက်နွယ်နေသည်ဆိုသည်ကို ယခုဖြစ်ရပ်ဆိုးမှ တစ်ဆင့် တွေ့မြင်နိုင်ကြပါသည်။ စိန်ခေါ်မှုများ ရှိနေသော်လည်း လူများ၏မရှိမဖြစ် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အလို့ငှာ ပူးပေါင်းဆောင်ရွက်ရမှုများ ပါဝင်သည့် ကောင်းမွန်သောအဖြေရှာမှုများကိုလည်း ဆောင်ရွက်နိုင်ခွင့်ရှိပါသည်။ မိမိတို့ဝန်ထမ်းများကို ရောဂါမှကာကွယ်ရန် အိမ်မှာနေ၍အလုပ်လုပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ကွာကွာနေခြင်း၊ မကြာခဏလက်ဆေးခြင်း၊ မကြာခဏ လုပ်ငန်းခွင်တွင်ပိုးသတ်ခြင်း၊ မျက်နှာစည်းနှင့် မျက်နှာကာများ ပေးဝေခြင်းစသည့် ကာကွယ်မှုမှန်သမျှကို Grand Royal Group International တွင် အပြည့်အဝ ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့၏ စားသုံးသူများအား ပံ့ပိုးဖြည့်ဆည်းပေးရေးအတွက်လည်း ဆောင်ရွက်ဖွယ်မှန်သမျှကို လုပ်ဆောင်လျက်ရှိပါသည်။

စက်ရုံအဖွဲ့အနေဖြင့် ပိုးသတ်လက်ဆေးရည်ကို အချိန်တိုအတွင်းမှာပင် ထုပ်လုပ်နိုင်ခဲ့ပြီး အဖွဲ့အစည်းအတွင်းမျှဝေကာ မိမိတို့ကိုယ်တိုင် အသုံးပြုနိုင်ရုံသာမက လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အလို့ငှာ နိုင်ငံတော်ကို ကူညီပံ့ပိုးသည့်အနေဖြင့် ယင်းတို့ကိုအမြောက်အများပေးအပ်လှူဒါန်းခဲ့ပါသည်။ မိတ်ဘက်လုပ်ငန်းအဖွဲ့အစည်းများအားလည်းယင်းပိုးသတ်လက်ဆေးရည်များ အခမဲ့ပေးအပ်ခဲ့ပါသည်။ လက်ရှိအချိန်အထိ မိမိတို့ဝန်ထမ်းအများအပြားမှာ အိမ်မှတစ်ဆင့်အလုပ်လုပ်နေကြသည့်တိုင် အဖွဲ့အစည်း၏အကျိုးအမြတ် မြင့်မားရေးအတွက် နည်းလမ်းသစ်များရှာဖွေဖော်ထုတ်ကာ ပံ့ပိုးဆောင်ရွက်နေကြပါသည်။ ယခုကဲ့သို့ ကူးစက်ရောဂါကာလအတွင်း စည်းကမ်းနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပြီး ရောဂါကူးစက်မခံရအောင် သတိဖြင့်နေထိုင်ကြသော ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်သောအားဖြင့် ရောဂါအကာကွယ်ဖြစ်စေမည့် အရာများပါဝင်သော လက်ဆောင်ထုတ်လေးများကို ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် မိမိတို့အနေဖြင့် ပေးဝေသွားမည် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့ လုပ်ငန်းခွင်ပြန်ဝင်ကြပြီး ပုံစံအသစ်ကို အသားတကျ ရင်ဆိုင်ရသည့်အခါ လူတိုင်း၏ဘေးကင်းလုံခြုံမှုသည် လူတစ်ဦးတစ်ယောက်ချင်းစီတွင် တာဝန်ရှိကြောင်း အမှတ်ရစေလိုပါသည်။ ကုမ္ပဏီအနေဖြင့် စီမံအဖွဲ့မှတစ်ဆင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးတို့အတွက် ဆက်လက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းကို စိတ်ချထားနိုင်ကြပါသည်။
ရောဂါအန္တရာယ်မှ ကင်းရှင်းအောင် ဂရုပြုနေကြပါ။

# RESPONSIBLE APPROACH TO BUSINESS

## GRAND ROYAL GROUP INTERNATIONAL DONATES 500 MILLION MMK WORTH OF HAND SANITIZER UNITS

In these troubling times, the Grand Royal Group International (GRGI) and its shareholders, under the stewardship of its Co-Chairman, U Aung Moe Kyaw has stepped forward to donate 500 million MMK worth of hand sanitizer units to various institutions in Myanmar that urgently need the use of these disinfecting liquids.

ယခုကဲ့သို့သော အခက်အခဲကြုံတွေ့နေရသည့် အချိန်အခါတွင် Grand Royal Group International ကုမ္ပဏီနှင့်၎င်း၏ အစုရှယ်ယာဝင်များသည် တွဲဖက်ဥက္ကဌ ဦးအောင်မိုးကျော်၏ ဦးဆောင်မှုအောက်တွင် မြန်မာကျပ်ငွေ သိန်းငါးထောင် (၅,၀၀၀) တန်ဖိုးရှိ လက်သန့်ဆေးရည်များကို COVID-19 ရောဂါပိုးကာကွယ်တိုက်ဖျက်ရေးအတွက် အရေးပေါ်လိုအပ်လျက်ရှိသော တိုင်းပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များသို့ လှူဒါန်းလျက်ရှိပါသည်။









## GRAND ROYAL GROUP INTERNATIONAL ကုမ္ပဏီလီမိတက်မှ မြန်မာကျပ်ငွေ သိန်းငါးထောင် (၅၀၀၀) တန်ဖိုးရှိ လက်သန့်ဆေးရည်များလှူဒါန်း





လက်သန့်ဆေးရည် ထုတ်လုပ်ဖြန့်ချိ လှူဒါန်းခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနက ခွင့်ပြုမိန့် ပေးထားပြီးဖြစ်ပြီး၊ ခွင့်ပြုမိန့်ကျသည်နှင့်တပြိုင်နက် ရက်သတ္တပတ် ၂-၃ ပါတ်အတွင်း အင်တိုက်အားတိုက်ထုတ်လုပ်ခဲ့ကြပါသည်။ ဤတွင် GRGI အနေဖြင့် မြန်မာနိုင်ငံရှိ မိဘပြည်သူများနှင့်အတူတူ လက်တွဲလျက် ရှိကြောင်းကို ပြသလိုပါသည်။

The hand sanitizer formula was approved by the FDA and the Ministry of Health & Sport, and once we received the “green-light”, production steamrolled forward, and we managed to get the first batch out within 2-3 weeks. Through this initiative, GRGI shows our solidarity with the people of Myanmar.

လက်သန့်ဆေးရည်တစ်ဗူးတွင် ဆေးရည်ပမာဏ (၅၀၀)မီလီလီတာပါဝင်ပြီး၊ ချပ်စက္ကူတစ်ဗူးတွင် လက်သန့်ဆေးရည် (၁၉) ဗူးပါဝင်သည်။ လက်သန့်ဆေးရည်၏ အမှတ်တံဆိပ်မှာ “နိုင်ငံ့သားကောင်း” ဖြစ်သည်။

The hand sanitizers are packed in 500 ml bottles with 19 bottles in one carton box. The name that we have bottled it under is called **“Naing Ngan Thar Gaung”** meaning good corporate citizen.





မိမိတို့လုပ်ငန်းစု၏ ခံယူချက်ဖြစ်သော **“BEING A GOOD CORPORATE CITIZEN”** (ခေါ်) “တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်းပီသရေး” စီးပွားရေးလုပ်ငန်းစုအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု လိုအပ်သည့် အချိန်တိုင်းတွင် တတ်နိုင်သ၍ ဝိုင်းဝန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

In accordance with our group’s commitment of **“BEING A GOOD CORPORATE CITIZEN”**, with our capabilities, we will always be there whenever the country and our citizens need the support.





# CLEAN WATER PROJECT




Grand Royal Group International Company Limited isimple menting "CleanWaterProject for 2020" in the rural areas with water shortage in Magway and Mandalay Region. The company is collaborating together with Department of Rural Development under the Ministry of Agriculture, Livestock and Irrigation

The following areas are now ready to get the access of clean water,

- Aik Gyi Village, Chauk Tsp, Magway,
- Lal Ma Village, Sinbaungwe Tsp, Magway,
- Ma Gyi Kone Village, Sinbaungwe Tsp, Magway,
- Lal Yar Village, Kyauk Padaung Tsp, Mandalay and the residents will have fresh water the end of July 2020..

Grand Royal Group International Co.,Ltd ၏ "Clean Water Project (သန့်စင်သော ရေစက်တိုင်း၏အဖိုးတန်မှုစီမံကိန်း)" သည်မကွေးတိုင်း ဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အမှန်တကယ်သောက်သုံးရေနှင့် ရေသန့်ရရှိရန် အင်မတန်ခက်ခဲသောနေရာဒေသများတွင် မှီတင်းနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအတွက်

Grand Royal Group International Co.,Ltd ၏ "Clean Water Project (သန့်စင်သော ရေစက်တိုင်း၏အဖိုးတန်မှုစီမံကိန်း)" သည်မကွေးတိုင်း ဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမှန်တကယ်သောက်သုံးရေနှင့်ရေသန့်ရရှိရန် အင်မတန်ခက်ခဲသောနေရာဒေသများတွင် မှီတင်းနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအတွက် ရေတွင်းတူးဖော်လှူဒါန်းသော စီမံကိန်းဖြစ်သည်။ ကုမ္ပဏီအစုအဖွဲ့အနေနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်းမြောင်းဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လက်တွဲပြီး ယင်းစီမံကိန်းကိုအကောင်အထည်ဖော်လျက်ရှိပါသည်။







နေရာဒေသများမှာ-

- အိုင့်ကြီးကျေးရွာ၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
- လယ်မကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး
- မကျီးကုန်းကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး
- လယ်ယားကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

တို့ဖြစ်ပြီး၊ဒေသခံပြည်သူများအနေစတင်ကာသန့်ရှင်းလတ်ဆတ်ဘေးကင်းသော ရေသန့်များကို စတင်ရရှိတော့မည်ဖြစ်ပါသည်။

မိမိတို့၏ "**Clean Water Project** (သန့်စင်သောရေစက်တိုင်း၏အဖိုးတန်မှုစီမံကိန်း)"သည် ဒေခံပြည်သူများကို သန့်ရှင်းလတ်ဆတ်၊ ဘေးကင်းသော ထာဝရ သောက်သုံးရေသန့် ရရှိစေနိုင်ရန် အဓိကရှေးရှုလျှက်တိုင်းပြည်အတွက် ဆောင်ရွက်နေသော စီမံကိန်း ဖြစ်ပါသည်။ ယခုအချိန်အထိ အိမ်ခြေပေါင်း ၇,၅၀၀ကျော်နှင့် မိဘပြည်သူအပေါင်း ၅၀,၀၀၀ ကျော်၏ သောက်သုံးရေသန့် အခက်အခဲပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ခဲ့ ပြီ ဖြစ်ပါသည်။

The objective of "Clean Water Project" is to enable as many residents as possible having fresh and safe drinking water. We have already created clean water sources for more than 7,500 households and 50,000 residents in total.

၂၀၂၀ပြည့်နှစ်အတွက် နောက်ထပ်ခြေလှမ်းသစ်အနေဖြင့် မွန်ပြည်နယ်အတွင်း သောက်သုံးရေရရှိရန် အခက်အခဲဖြစ်နေသော နေရာဒေသများတွင် အကောင်အထည်ဖော်ရန် စတင်ကွင်းဆင်းလေ့လာနေပြီ ဖြစ်ပါသည်။

As the next step of "Clean Water Project" for the year 2020, we are now carrying out the survey to implement in Mon State where is currently suffering from a water crisis.

# BORN IN MYANMAR RESPECTED BY THE WORLD




**" Myanmar's Pride Awards 2019 "** presented by Grand Royal Special Reserve, was successfully held on 5 March 2020 at Lotte Hotel's Crystal Ballroom. The ceremony was started with the keynote speech of the Chief Minister of Yangon Regional Government H.E. U Phyo Min Thein and was attended by Yangon Regional Parliament Speaker, H.E. U Tin Maung Tun, Diplomats, respective government officials, special guests and celebrities.

Myanmar well-known singer Aung Htet, Ar-T, Connie, Ah Moon and Jenny entertained the audience with their astonishing stage performances.

**Grand Royal Special Reserve** က ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် မြန်မာ့ဂုဏ်ဆောင်ဆုရွေးချယ်ပွဲ **"Myanmar's Pride Awards 2019"** ကို ၂၀၂၀ ပြည့်နှစ် မတ်လ (၅) ရက်နေ့တွင် Lotte Hotel – Crystal Ballroom ၌ အောင်မြင်စွာ ကျင်းပခဲ့ ပြုလုပ်ခဲ့ပါသည်။

ထိုဆုပေးပွဲကြီးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဌ ဦးတင်မောင်ထွန်း၊ သံရုံးများမှ သံအမတ်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာအသီးသီးမှ ဂုဏ်သရေရှိ ဧည့်သည်တော်များ နှင့်အတူ အနုပညာရှင်များ တက်ရောက်ချီးမြှင့်ခဲ့ ကြပါသည်။

ဆုပေးချီးမြှင့်သည့်ကဏ္ဍမှာနယ်ပယ်အသီးအသီးတွင်ထူးချွန်အောင်မြင်သည့်ပညာရှင်အဆင့်ရှိသူများသည်အောက်ပါအတိုင်း အသီးအသီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် ခြင်း ခံခဲ့ ကြရပါသည်။

အလားတူ ၂၀၂၁ ခုနှစ်တွင်လည်း "Myanmar's Pride Awards 2020" ပွဲကြီးကို ခမ်းနားထည်ဝါစွာ ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။ ဖျော်ဖြေရေးကဏ္ဍတွင် နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် အောင်ထက်၊ Ar-T၊ ကော်နီ၊ အမွန်း၊ Jenny တို့ကမြူးကြွဆန်းသစ်သောတင်ဆက်မှုများဖြင့်ဖျော်ဖြေခဲ့ ကြပါသည်။




"

The outstanding individuals who are talented in their related professional fields were awarded as follows,

## 2019 MYANMAR'S PRIDE AWARD WINNERS

Lifetime Achievement Awards
U Bokalay Tint Aung

Best in Sports Awards
Ma Thet Htar Thuzar

Best in Arts & Photography Awards
Wana Kwar Ni

Best in Social Work Awards
Dr Than Min Htut

Best in Trend Awards
Win Min Than (Yangon In My Heart)

Best in Business Awards
Enperpruner Ma Hla Hla Win

Best in Glamour Awards
Han Thi ( Miss World Myanmar 2018)

Best in Vogue Awards
Fashion Designer May Myat Warso

Best in Music Awards
Ni Ni Khin Zaw

Best in Film Awards
Academy Nay Toe

Myanmar's Pride Awards 2020" will be celebrated magnificently in coming 2021. "

## HOW DO MAINSTREAM BRANDS RESPOND TO COVID-19

We are no strangers to crisis management though the experience of COVID-19 is a very first to all of us. Working in the marketing industry, we are always ready to respond to unexpected changes of market upon responses. competitors,economy, consumer behavior, politics, natural disaster and now pandemic. We have no choice but to evolve our strategies and adapt creatives in real-time new normal practices — answering the question of "How do we meet this unprecedented moment?"

While the answer to that question will be different for every brand, many have responded with meaningful approaches to give audience a reason to believe that we'll get through this crisis and move forward together. For our mainstream brands, the following is what we have set as foundation to come up with COVID-friendly marketing

ကျွန်ုပ်တို့အနေဖြင့် ကိုဗစ်-၁၉ အတွေ့အကြုံကို ပထမဆုံး ကြုံတွေ့ခဲ့ကြရသော်လည်း အခက်အခဲများကိုစီမံဖြေရှင်းရာတွင်အစိမ်းသက်သက်ဖြစ်မနေတော့ပါ။ ဈေးကွက်ဖော်ဆောင်မှုကဏ္ဍတွင် ဆောင်ရွက်ရာ၌ယှဉ်ပြိုင်ဘက်များ၊ စီးပွားရေးအခြေအနေများ၊ စားသုံးသူ၏တုန့်ပြန်မှုများ၊ နိုင်ငံရေးအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များနှင့် ယခုကပ်ရောဂါပြဿနာများကဲ့သို့ ဈေးကွက်အတွင်းရှိမမျှော်လင့်ထားသော အပြောင်းအလဲများကို တုန့်ပြန်ရာတွင်မိမိတို့သည်အမြဲအသင့်ဖြစ်လျက်ရှိပါသည်။ "ယခုကဲ့သို့မကြုံစဖူးကာလက မည်သို့ရင်ဆိုင်ဖြေရှင်းကြမည်နည်း" ဆိုသည့် မေးခွန်းကို အဖြေရှာရင်း လက်ရှိပြုမူဆောင်ရွက်ရသည့် အခြေအနေသစ်နှင့်အညီ မိမိတို့၏မဟာဗျူဟာများကိုတိုးတက်ပြောင်းလဲရန်နှင့် ဆန်းသစ်တီထွင်ဆောင်ရွက်မှုများ ပြုလုပ်ရန်မှတစ်ပါး မိမိတို့အတွက် အခြားရွေးချယ်စရာ မရှိပါ။

အထက်ပါမေးခွန်းကို အဖြေရှာရာတွင် ကုန်အမှတ်တံဆိပ်တစ်ခုချင်းစီအတွက် ကွဲပြားမှုရှိမည် ဖြစ်သော်လည်း ယခုကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း မိမိတို့၏ စားသုံးသူပရိတ်သတ် ယုံကြည်စေမည့် အကျိုးအကြောင်းတစ်ရပ်ပေးအပ်နိုင်ရန်အလို့ငှာ ကောင်းမွန်သည့် ချဉ်းကပ်လုပ်ဆောင်မှုပုံစံသစ်များ ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြပါသည်။မိမိတို့၏အဓိကအမှတ်တံဆိပ်များအတွက် အောက်ဖော်ပြပါအကြောင်းအရာများသည် ကိုဗစ်အခြေအနေနှင့်အညီပေါ်ပေါက်လာသည့်ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ တုန့်ပြန်မှုများကို ရင်ဆိုင်ဆောင်ရွက်ရန် ချမှတ်ထားသည့်အခြေခံအုတ်မြစ်များ ဖြစ်ပါသည်။

### ENGAGEMENT

With all these constraints, we still find ways to engage with the consumers via different ways and means.

ကြုံတွေ့နေရသည့်ကန့်သတ်ချက်များရှိသော်လည်းစားသုံးသူများနှင့် ထိတွေ့ပတ်သက်မှုကို နည်းလမ်းအမျိုးမျိုးမှတစ်ဆင့်ရရှိရန် ကြိုးစားဆောင်ရွက်ထားပါသည်။

### RELEVANCY

Addressing people's concern due to COVID, we tried to focus more on content which is relevant with current condition when we don't fail to stick to our brand proposition as well.

ကိုဗစ်အပေါ်ထားရှိသည့် လူအများ၏ စိုးရိမ်ပူပန်မှုများကို ဖော်ပြရင်း မိမိတို့အမှတ်တံဆိပ်ဆိုင်ရာ တင်ဆက်မှုများအတိုင်းဆောင်ရွက်ရန် မပျက်ကွက်စေဘဲ လက်ရှိအခြေအနေများနှင့်လျော်ညီသည့် အကြောင်းအရာ ရေးသားမှုများကို ပိုမိုအလေးထားသွားရန် ကြိုးပမ်းခဲ့ကြပါသည်။

## MAINSTREAM BRANDS CAMPAIGN VISUALS AND REFERENCES

As mainstream brands of Grand Royal, we have been actively engaging with our consumers by creating relevant content mainly on digital medium more during COVID.

Grand Royal Group International ၏ အဓိကအမှတ်တံဆိပ်များအတွက် ကိုဗစ်ကာလအတွင်း ဒစ်ဂျစ်တယ်နည်းလမ်းကို ဦးစားပေးကာသင့်လျော်သည့် တင်ဆက်မှုအကြောင်းအရာများ ဖန်တီး၍ စားသုံးသူများနှင့်အဆက်မပြတ် ထိတွေ့လျက် ရှိပါသည်။

### GRAND ROYAL BLACK

Since the proposition of Grand Royal Black is "Made for Real Men" with the attributes of "responsible, mature, doing-good-for-others", we take the educational route of communication at the early stage of pandemic. We create a series of educational videos; sharing the message of COVID dos and don'ts which is followed by engaging campaigns such as COVID-theme profile change campaign, COVID-awareness KOL initiative as well as "Stay Home" creative challenge contest which drive the "stay-home" message across target market.

Grand Royal Black ၏ ဆောင်ပုဒ်သည် "Made for Real Men (တကယ့် ယောကျာ်းတို့အတွက်)" နှင့် "တာဝန်ကျေ၍






ရင့်ကျက်ပြီး အများကောင်းကျိုးဆောင်သော” ဟူသည့် ဝိသေသဖြစ်ရာ ကူးစက်ရောဂါ စတင်ဖြစ်ပွားကာ စကာလ တွင်ပြန်ကြား ဆက်သွယ်မှုများကို အသိပညာပေးပုံစံဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အသိပညာပေး ဗီဒီယိုများ၊ကိုဗစ် ဆိုင်ရာ ရှောင် ရန်-ဆောင်ရန်များ၊ ပရိတ်သတ်ပါပါဝင် ဆောင်ရွက် ကြသည့် ကိုဗစ်အမှတ်အသားပါပရိုဖိုင်းရုပ်ပုံ ပြောင်းခြင်းလှုပ်ရှားမှုများ၊ ကိုဗစ်ဆိုင်ရာ အများပြည်သူပိုမို သိရှိ နားလည်လာရေး KOL စတင်ဖော်ဆောင်မှုများ၊ ဦးတည်သည့် ဈေးကွက်အနှံ့အပြားတွင် “အိမ်ထဲမှာပဲနေ ကြပါစို့” အသိပေးစကား ပြန့်ပွားစေခဲ့သည့် “အိမ်ထဲ မှာပဲနေကြပါစို့”အကြောင်းအရာဆန်းသစ် တီထွင်မှုပြိုင်ပွဲ တို့ကိုဆောင်ရွက် ခဲ့ပါသည်။




## GRAND ROYAL SMOOTH

Regarding Grand Royal Smooth with its powerful proposition of “Stay Smooth”, our digital content is with the subtle message of calming down the people by sharing COVID tips and driving positivity during pandemic; COVID prevention educational videos, social-distancing awareness posts and Stay-Home Smooth Song Challenge campaign, etc. The campaign tis largely relevant with COVID situation as well as indirectly encourages consumption during Stay-Home.

Grand Royal Smooth နှင့်ပတ်သက်၍ ယင်း၏ ထိရောက်သော ဆောင်ပုဒ် “Stay Smooth” နှင့်တကွ ကူးစက်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်းကိုဗစ်ဆိုင် ရာအချက်အလက်များမျှဝေခြင်းနှင့်အပြုသဘောဆောင် မှုများတိုးပွားလာစေရန်ဆောင်ရွက်ခြင်း၊ ကိုဗစ်ဆိုင်ရာ ပညာပေးဗီဒီယိုများ၊ တစ်ဦးနှင့်တစ်ဦးခပ် ကွာကွာနေထိုင် ရမည့်အကြောင်း အသိပေးတင်ဆက်မှုများနှင့်အိမ်တွင်း တွင်သာနေထိုင် ရန် Smooth Song Challenge လှုပ်ရှား မှုအစီအစဉ် စသည်တို့ဖြင့် ပရိတ်သတ်အား ဒစ်ဂျစ်တယ် အကြောင်း အရာတင်ဆက်မှုများ မျှဝေပေး နိုင်ခဲ့ပါသည်။

ယင်းဈေးကွက်ဖော်ဆောင်သည့် လှုပ်ရှားမှုအစီအစဉ် သည် ကိုဗစ်ကာလအခြေအနေများနှင့်တိုက်ရိုက်လျော် ညီမှုရှိပြီး အိမ်တွင်းနေစဉ်အတွင်းမိမိတို့ကုန် ပစ္စည်းစား သုံးမှု တိုးမြင့်စေရန် သွယ်ဝိုက်၍တင်ဆက်နိုင်ခဲ့ ပါသည်။










## GRAND ROYAL SIGNATURE

As the proposition of Grand Royal Smooth is “Discover your Signature”, our digital content strategy is encouraging people to explore their new talents while staying home as well as subtly provoking consumption. Under that strategy, we come up with very engaging digital content such as Signature Dance Move Challenge, COVID-theme profile change campaign and other awareness static posts namely “Cool People stay home”. Although we had multiple production challenges due to social distancing and curfew, we manage to get lots of passionate participation in the contests of each campaign and generate positive comments across all three brands on digital medium.



Grand Royal Signature၏ ဆောင်ပုဒ်ဖြစ်သည့် “Discover your Signature”အရ မိမိတို့၏ဒစ်ဂျစ်တယ်အကြောင်းအရာ မဟာဗျူဟာသည် စားသုံးသူပရိတ်သတ်များ မိမိတို့ အိမ်တွင်သာနေထိုင်ရင်း အစွမ်းအစသစ်များ ရှာဖွေဖော်ထုတ်ရန်အားပေးကာ မိမိတို့ကုန်ပစ္စည်း စားသုံးမှုတိုးမြှင့်စေရန်သိမ်မွေ့စွာ လှုံ့ဆော်နိုင်ခဲ့ပါသည်။ ယင်းမဟာဗျူဟာအရ Dance Move Signature Challenge လှုပ်ရှားမှုအစီအစဉ်၊ ကိုဗစ်အမှတ်အသားပါ ပရိုဖိုင်းရုပ်ပုံပြောင်းခြင်းလှုပ်ရှားမှု၊ “Cool People stay home”အမည်ရှိမိမိတို့အမှတ် တံဆိပ် လူသိများလာစေရန်ဆောင်ရွက်သည့်အခြားသောပုံမှန်တင်ဆက်မှုများ အစရှိသည်တို့ဖြင့် အများပြည်သူပရိတ်သတ်များ စိတ်ဝင်တစားပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဒစ်ဂျစ်တယ်အကြောင်းအရာတင်ဆက်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ တစ်ဦးနှင့်တစ်ဦး ခပ်ကွာကွာနေထိုင်ရမှုနှင့် ညမထွက်ရ အမိန့်များကြောင့် မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်ရေးဆိုင်ရာအခက်အခဲများ ကြုံတွေ့ခဲ့ကြရသော်လည်း ဈေးကွက်ဖော်ဆောင်မှု အစီအစဉ်တစ်ခုချင်းစီအတွက် ပြိုင်ပွဲများတွင် စိတ်ဝင်တစားပါဝင်ယှဉ်ပြိုင်မှု အမြောက်အများနှင့် ဒစ်ဂျစ်တယ်ကွန်ယက်တွင် အမှတ်တံဆိပ်သုံးခုလုံးအတွက် အပြုသဘောဆောင်မှတ်ချက်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။









## LEARNING & DEVELOPMENT PROGRAM (ONLINE LEARNING)



EI MYAT THET
HC Manager (Learning & Development)

လတ်တလောကူးစက်ပျံ့နှံ့နေတဲ့ Covid-19ရောဂါကြောင့် ပုံမှန်လည်ပတ်ဖို့ခက်ခဲပြီး စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့နေရတဲ့ လုပ်ငန်းအမျိုးအစားတွေထဲမှာ ကျွန်မတို့Learning & Development လည်း အပါအဝင်ဖြစ်ပါတယ်။ လူစုလူဝေးကို ရှောင်ရှားခြင်းဟာ အထိရောက်ဆုံးကာကွယ်ခြင်းဖြစ်တဲ့အတွက် ယခင်စီစဉ်နေကျ သမားရိုးကျစာသင်ခန်းတွင်း သင်တန်းမျိုးတွေဟာ ယခုလိုကာလမျိုး အတွက် သင့်တော်မှုမရှိတော့ပါဘူး။ ဒါ့ကြောင့်ကျွန်မတို့အနေနဲ့ ဝန်ထမ်းတွေရဲ့ စဉ်ဆက်မပြတ် တိုးတက်မှုအတွက် ပံ့ပိုးမှုဖြစ်သလို ခေတ်ကာလအနေ အထားနှင့်လည်း လိုက်လျောညီထွေဖြစ်တဲ့ online learning program ကို စတင်အကောင်အထည်ဖော်ရခြင်းဖြစ်ပါတယ်။

ယခုလို online learning program တွေမှတဆင့် သင်ယူလေ့လာခြင်းအားဖြင့် အထင်ရှားဆုံးအကျိုးကျေးဇူးကတော့လူစုလူဝေးဖြစ်ပေါ်ခြင်းကို အထိရောက်ဆုံး ကာကွယ်တားစီးပေးနိုင်ပြီး သင်တန်းသားများအနေနှင့်လည်းမိမိတို့ သင်ယူလေ့လာရန် အဆင်ပြေသောနေ့ရက်၊ အချိန်တွင်သင်ယူနိုင်ခြင်း၊ လုပ်ငန်းခွင်အတွင်းမှဖဲ့ပေးရသောအချိန်သက်သာသွားခြင်း၊ သင်တန်းသို့သွားလာရန်အားထုတ်ရခြင်းတို့ သက်သာစေပါသည်။ ထို့အပြင် သတ်မှတ်ကာလအတွင်းမိမိမကျေညက်သေးသောသင်ခန်းစာများကို ပြန်လည်လေ့လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေပါတယ်။

Our Learning & Development is one of the job natures which have become difficult to operate and have been facing challenges due to the current outbreak of Covid-19. As avoiding crowded presence is the best way to prevent from the disease, it is no longer suitable to conduct our training in the ordinary classroom-base format like what we always did before. Therefore, we started carrying out online learning programs which not only support the continuous improvement of our employees but also are in line with the current situations.

As the significant advantages of such online learning programs, the cases of crowded gathering can be effectively prevented, and the trainees can learn whenever they are convenient; they no longer need to spare their working hours for the training and their effort to come to the training venues is saved. Besides, the trainees have the advantage of being able to digest lessons which are yet to be well-read before specific deadlines come.

ဒီလို online learning program တွေကိုစီစဉ်ရာမှာ အချို့သင်တန်းများကို ဝန်ထမ်းတွေအားလုံးနီးပါး ရင်းနှီးပြီးသားဖြစ်တဲ့Of ce365မှTeamApplicationကိုအသုံးပြုပြီး

စီစဉ်သင်ကြားပေးနေသလို ပြင်ပသင်တန်းကျောင်းများမှ မိမိတို့လိုအပ်ချက်နှင့်သင့်လျော်ရာသင်တန်းများကိုလည်း စိစစ်ရွေးချယ်ပြီး ချိတ်ဆက် သင်ကြားပေးနေပါတယ် လတ်တလော ရွေးချယ်စီစဉ်ထားတဲ့ သင်တန်းကျောင်းတွေကတော့ SEAC, McKinsey Academy, Educate Myanmar တို့ဖြစ်ကြပြီး SEAC သင်တန်းကျောင်းမှ အောက်ပါ programs များနှင့်-

(1) Agile Decision Maker
(2) Creative
(3) Data Analytics
(4) Digital Marketing
(5) Inspiring Communicators
(6) New Age Management

McKinsey Academy မှ -

(1) Business Strategy
(2) Problem Solving
(3) Communication for Impact
(4) Team Management

စသည့် programs များကိုစတင်အကောင်အထည်ဖော် သင်ကြားပေးနေပြီဖြစ်ပါသည်။

ဆက်လက်ပြီး Educate Myanmar မှ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် သင်ကြားပေးမည့်

(1) Critical Thinking
(2) Change Management

သင်တန်းများအတွက်လည်း အစီအစဉ်များ ရေးဆွဲပြင်ဆင်ထားပါသည်။ သမားရိုးကျ စာသင်ခန်းတွင်း သင်ကြားလေ့လာရာမှ ယခုကဲ့သို့ online learning class များကိုပြောင်းလဲ လေ့လာရာတွင် အခက်အခဲအနည်းငယ်ကြုံတွေ့ကြရပါတယ်။ အများအားဖြင့် သက်ဆိုင်ရာ သင်တန်းခေါင်းစဉ်ကို ဝင်ရောက်လေ့လာရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကျော်ဖြတ်ကြရာမှာ ဖြစ်ပေါ်တတ်တဲ့ သာမန်အခက်အခဲများသာဖြစ်ကြပြီး ကျွန်မတို့ Learning & Development ဌာနမှ စာရင်းပေးသွင်းထားသော သင်တန်းသားတစ်ဦးချင်းစီနှင့်ဆက်သွယ်မေးမြန်းပြီးလိုအပ်သလိုကူညီဖြေရှင်းပေးနေကြပါတယ်။ ဝင်ရောက်လေ့လာပြီးသော သင်တန်းသားများမှလည်း မိမိတို့လေ့လာရာတွင်ကြုံတွေ့ရသော အခက်အခဲများကို ကျွန်မတို့ Learning & Development ဌာနသို့ မိမိတို့၏အတွေ့အကြုံနှင့် အကြံပြုချက်များပြန်လည်ပေးပို့ခြင်းအားဖြင့် ဝန်ထမ်းများ၏ သင်ယူမှုပုံစံနှင့်ကိုက်ညီသော၊ သင်ယူလေ့လာရလွယ်ကူသော သင်ကြားမှုအင်္ဂါရပ်များပါဝင်သည့် သင်တန်းကျောင်းကို ရွေးချယ်ရာတွင် အထောက်အကူဖြစ်စေပါ သည်။

ဝန်ထမ်းများအနေဖြင့်လည်း ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော သင်ယူလေ့လာမှုပုံစံများကို မျက်ချေမပြတ်စေရန်နှင့် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆက်မပြတ်စေရန် လတ်တလောအနေအထားအရလည်း အကိုက်ညီဆုံးဖြစ်သော online learning program များတွင် ဝင်ရောက်လေ့လာခြင်းအားဖြင့် စိန်ခေါ်မှုများနှင့်ပြည့်နှက်နေသောအနာဂါတ်ကိုရင်ဆိုင်ဖို့ပြင်ဆင်ကြပါစို့လို့ တိုက်တွန်းချင်ပါတယ်။




In the process of online learning programs, trainings are conducted by the Team Application of Office 365, with which almost all of our employees are familiar. Moreover, the courses suitable for the needs of our employees are also carefully selected and linked with external training centres in order that our employees can extend their learning.

The external training centres currently planned and listed are SEAC, McKinsey Academy and Educate Myanmar. Programs of SEAC and McKinsey Academy have been started conducting.

The programs of SEAC are as follows:

(1) Agile Decision Maker
(2) Creative
(3) Data Analytics
(4) Digital Marketing
(5) Inspiring Communicators
(6) New Age Management

Those of McKinsey Academy are as follows:

(1) Business Strategy
(2) Problem Solving
(3) Communication for Impact
(4) Team Management

In addition, planning has been done for English-Burmese bilingual courses of Educate Myanmar such as:

(1) Critical Thinking and
(2) Change Management.

There were a few difficulties in switching from ordinary classroom-base training into current online learning. Generally, those




were normal problems usually occurred during the process when various levels of activities had to be carried out in order to access respective training courses. Our Learning & Development department has been helping, as necessary, each registered trainee to overcome those problems.

If those trainees who have done such online learning provide us the feedbacks of their experiences and suggestions regarding the difficulties they faced during learning, it will be very useful for us in choosing external training centres with teaching facilities which are easy to learn and in line with the learning nature of the employees.

Employees are also suggested not to lose track of learning methods ever evolving from time to time and to prepare for the challenging future by participating in online learning programs which are, in the meantime, the most suitable for current situations in order not to be suspended in the process of self-improvement.

# PREVENTIVE MEASURE AGAINST COVID - 19 FOR WORKPLACES

Our plant stopped operating for about two months in accordance with the instructions of the Government when Corona Virus Disease (Covid-19), originated from Wuhan city, People Republic of China in December 2019, started spreading to Myanmar.

Only after the inspection process of compliance with regulations set by the respective official department of health to prevent the disease had been gone through upon reopening of the plant, the production works were resumed operating from 25 May 2020.

During the peak period of Covid-19 outbreak in Myanmar and the present time in which the plant is operating, the HSE Department enforced the following measures to all GRG employees, contractors and visitors to comply:



**(1) Vehicles of ferry transport service for employees who are entering the plant**

- Vehicles shall be sanitized in the first place;
- Commuters wearing face masks and face shields shall take the ride only in designated seating places in such sanitized vehicles.



**(2) Upon arrival at the plant**

- Employees alighted from the ferry transport shall queue up in the premise of 6′ Distance Designated Box, located at the entry, and shall enter the gate in the manner of keeping 6′ distance among one another;
- Employees shall pass the monitoring through the Auto Thermal Scanning CCTV, installed at the walk-path inside the gate;
- Gate security members in full PPE gears shall take the body temperature of drivers entering the plant with vehicles;
- Anyone passing the gate shall wash hands properly at basins provided with soap; and only after that, they shall be allowed to enter the plant;
- External contractors shall report in advance to the HSE Department with a declaration stating whether they belong to disease-hit restricted areas or not and their health-related particulars before entering the plant; and only after that, they shall be allowed to enter the plant in designated full PPE gears with face masks and face shields.



**(3) At workplace inside the plant**

- Employees shall work only in specific places which are allocated 6′ apart from one another;
- All employees shall wear face masks and face shields while working;
- The Clinic Department shall go to the employees and take the body temperature of them twice a day;
- The HSE Department shall inspect and report, remind and countercheck through the CCTVs;
- Employees shall have their meals in the canteen in the manner of keeping 6′ distance among one another; they shall properly wash their hands and own utensils with soap before and after having meals; the Security team shall take and monitor the body temperature of employees upon their departure from the canteen.



It is hereby reported that the observations of HSE Department are submitted to the GRG Management Team at the end of the day and the feedbacks returned from the



**(4) At the end of the day**

- Gate personnel on duty in full PPE gears shall sanitize the interior of vehicles before the ferry transport service commences;
- Employees shall wear face masks and face shields, and shall take the ride only in designated seating places;
- Drivers and their assistants shall also wear face masks and face shields to drive.



Management Team are also being strictly carried out.

(၂၀၁၉)၊ ဒီဇင်ဘာလတွင် တရုတ်ပြည်၊ ဝူဟန်မြို့မှစတင် ဖြစ်ပွားခဲ့သည့် Corona Virus Disease (COVID-19) ရောဂါသည် မြန်မာပြည်တွင်းသို့ ပျံ့နှံ့လာချိန်၌မိမိတို့ စက်ရုံအနေဖြင့် နိုင်ငံတော်မှထုတ်ပြန်ထားသည့် အမိန့် ညွှန်ကြားချက်များနှင့်အညီ စက်ရုံအား(၂)လခန့် ရပ်နားထားခဲ့ပါသည်။

စက်ရုံပြန်လည်ဖွင့်လှစ်သည့် ကာလတွင်လည်း သက်ဆိုင်ရာကျန်းမာရေးဌာန၏ ရောဂါကာကွယ်ရေးအတွက် သတ်မှတ် စည်းကမ်းချက်များအတိုင်း လိုက်နာမှုရှိ/မရှိ စစ်ဆေးမှု ခံယူပြီးမှသာ (၂၀၂၀)ခုနှစ်၊ မေလ (၂၅) ရက်မှသာစ၍ ထုတ်လုပ်မှုလုပ်ငန်းများအား ပြန်လည်စတင်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID-19ရောဂါ အမြင့်တက်ဆုံး အချိန်နှင့် ယခုစက်ရုံလည်ပတ်နေစဉ်အချိန်များတွင် HSE Department မှနေ၍ ( GRG ) ဝန်ထမ်းများနှင့် ကန်ထရိုက်တာများ၊ Visitorများအား အောက်ပါအတိုင်း

## ၁) စက်ရုံသို့လာရောက်မည့် များအတွက် ကြို/ပို့ယာဉ်များနှင့်ပတ်သက်၍

- ဦးစွာ Ferry ယာဉ်များအား ပိုးသတ်ဆေးဖျန်းခြင်း
- ပိုးသတ်ဆေးဖျန်းထားသည့်ယာဉ်များတွင် Face Mask နှင့် Face Shield များဝတ်ဆင်၍ လူဦးရေသတ်မှတ်ထားသည့်ထိုင်ခုံနေရာများတွင်သာ လိုက်ပါစီးနင်းစေခြင်း





## ၂) စက်ရုံသို့ ရောက်ရှိလာချိန်

- Ferryယာဉ်ပေါ်မှဆင်းလာသည့် ဝန်ထမ်းများအား စက်ရုံဂိတ်ဝတွင် (၆)ပေအကွာအဝေးသတ်မှတ်နေရာများ(6′ Distance Designated Box)တွင် တန်းစီနေရာယူစေပြီးမှ ဂိတ်အတွင်းသို့ (၆)ပေခြား တန်းစီဝင်ရောက်စေခြင်း
- ဂိတ်အတွင်း လျှောက်လမ်းတွင် တပ်ဆင်ထားသည့် Auto Thermal Scanning CCTV မှတစ်ဆင့် ဖြတ်သန်းဝင်ရောက်စေခြင်း
- Gate Security များမှလည်း မောင်းနှင်ဝင်ရောက်လာသည့် ယာဉ်မောင်းများအား PPEဝတ်စုံပြည့်ဖြင့် အပူချိန်တိုင်းစေခြင်း
- ဂိတ်ကျော်လွန်ပြီးနောက် ဆပ်ပြာရည်ထားရှိသည့် ခြေနင်းလက်ဆေး ကန်များတွင်စနစ်တကျလက်ဆေးစေခြင်းတို့အား ပြုလုပ်စေပြီးမှသာ စက်ရုံအတွင်းသို့ ဝင်ရောက် စေခြင်း ပြင်ပကန်ထရိုက်တာလုပ်သားများကိုလည်း ဝင်ရောက်ခြင်းမပြုမီကပင် ပါဝင်သည့် လုပ်သားများ၏ ကျန်းမာရေးဆိုင်ရာအချက်အလက်များနှင့် တကွCOVID-19 ဖြစ်ပွားသည့် နယ်မြေဒေသ များမှ ပါဝင်မှုရှိ/မရှိတို့ကို HSE Department ဌာနသို့ကြိုတင်တင်ပြပြီးမှသာ ၎င်းတို့၏ သတ်မှတ် PPEဝတ်စုံ ပြည့်အပြင် Face Mask နှင့် Face Shield များဝတ်ဆင်စေကာ အထက်ပါအတိုင်းစက်ရုံအတွင်းသို့ ဝင်ရောက်စေခြင်းတို့ကို ပြုလုပ်စေပါသည်

## ၃) စက်ရုံအတွင်း လုပ်ငန်းခွင် ၌

- (၆) ပေစီခြားထားသည့် သတ်မှတ်နေရာများ၌သာ အလုပ်လုပ်စေခြင်း ဝန်ထမ်းများအားလုံးFace Mask နှင့် Face Shield များ ဝတ်ဆင်အလုပ်လုပ်စေခြင်း
- Clinic Department မှလည်း ကိုယ်အပူချိန်အား တစ်နေ့ (၂) ကြိမ် လိုက်လံစစ်ဆေးတိုင်းတာခြင်း
- HSE Department မှလည်း လိုက်လံစစ်ဆေးမှတ်တမ်းတင်ခြင်း၊ သတိပေး ပြောဆိုခြင်း၊CCTV တို့ဖြင့်လည်း Counter Check စောင့်ကြည့်ခြင်းတို့ ပြုလုပ်စေခြင်း ထမင်းစားဆောင် (Canteen) တွင်လည်း (၆)ပေစီခြား၍ နေရာယူစားသောက်စေခြင်း၊
- ထမင်းမစားမီနှင့် စားအပြီးတွင်လည်းလက်ဆေးခြင်း အပြင် မိမိတို့၏ ကိုယ်ပိုင်သုံးဇွန်း၊ ရေခွက်များအားလည်း ဆပ်ပြာရည်ဖြင့်စနစ်တကျ ဆေးကြောစေခြင်း၊
- Canteenမှအပြန် အထွက်တွင်လည်း Body Temperature များ အား Security အဖွဲ့မှ စောင့်ကြည့် တိုင်းတာခြင်းတို့ကို ပြုလုပ် စေပါသည်။



တစ်နေ့တာလုပ်ငန်းပြီးဆုံးသော အချိန်တွင် HSE Department မှ စစ်ဆေးတွေ့ရှိချက်များအား GRG စက်ရုံရှိ Management အဖွဲ့ထံသို့ အစီရင်ခံတင်ပြပြီး Mangement အဖွဲ့မှ အကြံပြုချက်များကိုလည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိနေပါကြောင်း တင်ပြအပ်ပါသည်။



## ၄) စက်ရုံဆင်းချိန်တွင်

- Ferryယာဉ်များအား မထွက်ခွာမီ Gate Dutyများမှ PPEဝတ်စုံပြည့်ဖြင့် ယာဉ်အတွင်း ပိုးသတ်ဆေးဖျန်းစေခြင်း
- ဝန်ထမ်းများအား Face Mask နှင့် Face Shieldများ ဝတ်ဆင်စေပြီး သတ်မှတ်ထိုင်ခုံနေရာများတွင် နေရာယူလိုက်ပါစီးနင်းစေခြင်း
- ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များမှလည်း Face Mask နှင့် Face Shield များဝတ်ဆင်မောင်းနှင်စေခြင်းတို့ကို ပြုလုပ်စေပါသည်။



# EMPLOYEE SPOTLIGHTS



POE EI PHYU
Assistant Manager (Learning & Development)

ယခုအခါ ကမ္ဘာနဲ့အဝန်းဖြစ်ပေါ်နေသည့် COVID-19ရောဂါပိုးကြောင့် ကျွန်ုပ်တို့ကမ္ဘာကြီးက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍ အသီးသီးမှာအသစ်သစ်သော စိန်ခေါ် မှုတွေ၊ပြောင်းလဲမှုတွေနဲ့ နေ့စဉ်နဲ့အမျှရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒီလိုပြောင်းလဲမှုတွေနဲ့ ရင်ဆိုင်ဖြေရှင်းတဲ့နေရာမှာ နည်းပညာရဲ့ကဏ္ဍကလဲ အရေးကြီးတဲ့နေရာကနေ ပါဝင်လာပါတယ်။

အများနည်းတူ ကျွန်ုပ်တို့ Learning and Development Team အနေနဲ့လည်း ပြောင်းလဲလာတဲ့ စိန်ခေါ်မှုတွေကြားမှာ ကျွန်ုပ်တို့အဖွဲ့အစည်းအတွက်သာမက ဝန်ထမ်းများအတွက်ပါ အဆင်ပြေစေမည့် Development Program တွေကို ပံ့ပိုးဆောင်ရွက်နိုင်အောင် အချိန်နဲ့တပြေးညီအကောင်းဆုံးကြိုးစား ဆောင်ရွက်လျက် ရှိပါတယ်။

Instructor-Led Classroom ပုံစံ Training Program တွေကနေ Virtual Classroom (Online Learning Classroom) Program သို့ကူးပြောင်းလာတဲ့နေရာမှာ အားသာချက်တွေသာမက စိန်ခေါ်မှုတွေပါ ကြုံတွေ့လာရပါတယ်။

ဝန်ထမ်းများအနေနဲ့ အားသာချက်တွေအနေနဲ့ကတော့ COVID-19 ကြောင့် Social Distancing ကို အလေးထားဆောင်ရွက် နေရပေမယ့်လဲ ဝန်ထမ်းများအနေနဲ့ မိမိရဲ့ Development အတွက် အချိန်မရွေး၊ နေရာမရွေး မိမိအဆင်ပြေတဲ့အချိန်မှာ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သည့်အတွက် အချိန်အားဖြင့်လည်းကောင်း၊ လူ့စွမ်းအား အားဖြင့်လည်းကောင်း တော်တော်သက်သာလာပါတယ်။ ဒါ့အပြင် ဝန်ထမ်းများအနေနဲ့လည်း Technology ကို မဖြစ်မနေ အသုံးပြုလာရတဲ့အတွက် အရင်ကထက် ပိုမိုအကျွမ်းတဝင် ရှိလာပြီး ခေတ်နဲ့အညီ ပြောင်းလဲမှုများကိုရင်ဘောင်တန်းနိုင်လာပါတယ်။

Learning and Development Team မှာတာဝန်ထမ်းဆောင်နေသူတစ်ဦးအနေနဲ့ အားသာချက်တွေက တော့ သင်တန်းသားများ၏ လေ့လာသင်ယူမှုများကို Learning Dashboard များမှတဆင့် Report များ ထုတ်ယူ၍ လိုအပ်သည့် ပံ့ပိုးမှုများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်လာနိုင်ပါတယ်။ Microsoft Team, Zoom အစရှိသည့် Digital Communication Tools များအသုံးပြု၍ Program အလိုက် အဖွဲ့များဖွဲ့ကာ ဆက်သွယ်ဆောင်ရွက်ကြခြင်းကြောင့် L&D Team နဲ့ ဝန်ထမ်းများအကြား အရင်ကထက် ပိုမိုရင်းနှီးလာပြီး Engaged Learning Environment လေးတခုလဲ ဖန်တီးလာနိုင်ပါတယ်။

Due to global outbreak of Covid-19, our world is now facing, on daily basis, new challenges and changes in politic, business, social and health affairs and so forth. In order to confront to handle such changes, technology plays an important role.

While facing these new challenges and changes, our Learning and Development Team, like others, is also doing our best to support in real time the development programs with which not only our organization but also employees find convenient.

We have been encountering both advantages and obstacles in transforming previous training programs based on Instructor-Led Classroom into Virtual Classroom (Online Learning Classroom) programs.

Regardless of social distancing practices being enforced due to Covid-19, our employees can, anytime and anywhere, continuously do their learning in their convenient time resulting that they have been able to save quite an amount of effort in terms of time and man power. Moreover, our employees have become competent in handling new changes of these days as they had to compulsorily brace technology and became more and more familiar with it.

As the advantages for an employee of Learning and Development Team, reports on the learning progresses of trainees can be exported directly from learning dashboards and necessary aids can be simultaneously carried out. Since digital communication tools such as Microsoft Team and Zoom are used by groups formed in accordance with programs to communicate one another, a more favorable friendship between employees and L&D Team has been yielded and an engaged learning environment has been successfully created.



THANDAR KYAW
Mareting Assistant

မိမိအတွက်လိုအပ်တဲ့ ပညာရပ်တွေကို အစဉ်မပြတ်သင်ယူလေ့လာနေရတဲ့ ကျွန်မတို့လိုလူငယ်တွေအတွက် အခုလို Covid-19 ကာလအတွင်းမှာ Online Learning Opportunities တွေ ထွက်ပေါ်လာတာဟာ တကယ့်ကိုကောင်းမွန်တဲ့ အခွင့်အရေးတစ်ခုပါ။ Online Training တတ်ရခြင်းကြောင့် အချိန်ကုန်သက်သာစေသလို အာရုံစူးစိုက်မှုကိုလည်း ပိုပြီးတိုးတတ်စေပါတယ်။ မိမိတတ်ရောက်လိုတဲ့ သင်တန်းကို သွားရင်း Traffic ဖြစ်တဲ့ ကိစ္စကို ရှောင်ရှားပြီးသား ဖြစ်တဲ့အတွက်လည်း ကျေနပ်မိပါတယ်။ ဒါ့အပြင် လမ်းခရီးသွားလာစာရိတ်ကို စုဆောင်းဖြစ်တဲ့အပြင် မိမိနှစ်သက်ရာအခြား ဘာသာရပ်တွေကိုပါ တတ်ရောက်လေ့လာဖို့အတွက် အခွင့်အရေးရစေပါတယ် ။

မိမိကြိုက်နှစ်သက်တဲ့နေရာကနေ သင်ယူလေ့လာနိုင်တဲ့အတွက် Comfortable ဖြစ်စေတဲ့အပြင် Online Training ဖြစ်တဲ့အတွက်ကြောင့် Net Working နဲ့ပတ်သက်တဲ့ အသိပညာတွေကိုလည်း ပိုမိုလေ့လာဖြစ်ပါတယ် ။

လုပ်ငန်ခွင်တွင်း ဝင်ရောက်ပြီးသားဖြစ်တဲ့ ဝန်ထမ်းတွေအတွက် Online Training တတ်ရခြင်းဟာ လုပ်ငန်းတွင်းအချိန်ကိုထိခိုက်မှုမရှိစေဘဲ စိတ်အေးသက်သာစွာနဲ့ သင်ယူ လေ့လာနိုင်တဲ့အတွက် ကောင်းမွန်တဲ့အခွင့်အရေးတစ်ခုပါ ။

ကျွန်မတို့လို Brand Marketing ဌာနမှာတာဝန် ထမ်းဆောင်နေတဲ့သူတွေအတွက် ခရီးတွေ မကြာခနသွားနေရတဲ့အခါ သင်တန်းပြတ်ကွက်မှုမရှိဘဲ Online ကနေသင်ယူလေ့လာနိုင်ခြင်းဟာလည်း တကယ့်ကို စိတ်ကျေနပ်စရာပါ ။ ဒါကြောင့် Online Class တွေစီစဉ်ပေးလာသလို Online မှ တစ်ဆင့်သင်ယူလေ့လာနိုင်ခြင်းဟာ တကယ့်ကို အကျိုးရှိတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ် ။

Emergence of online learning opportunities during this Covid-19 outbreak is indeed a sound opportunity for young people like us who are continuously having to acquire those we are still yet to know. Taking online training, we not only can save our time but also can focus more on what we are learning. It is quite satisfactory that we no longer have to encounter the traffic problems to go to the venues of courses we would like to take. Besides, we can save those travel expenses and have more advantages to take other courses we prefer. As we can learn from our preferred place, it is comfortable; and as it is trained online, we are able to learn more about networking. It is a good chance for in-service employees to take online training because they do not need to risk clashing their leering time with their working hours, and can even do the learning in peace of mind. As for us serving in the Brand Marketing Department and having to travel frequently, we find it quite a pleasure to take online courses since there is no longer a case like being absent from the class. So, having arranged online classes for employees and being able to learn through it are indeed a great benefit.



MYO PA PA THEIN
Production Department

ကျွန်မကတော့ ထုတ်လုပ်ရေးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ မျိုးပပသိန်း ဖြစ်ပါတယ်။ COVID19 စတင်ဖြစ်ပွားစဉ်ကတည်းက ကုမ္ပဏီမှဝန်ထမ်းများ၏ ကျန်းမာရေးကိုရှေးရှု၍ လက်သန့်ဆေးရေ၊ face shields နှင့် နှာခေါင်းစီးများကိုပေးရုံသာမက လုပ်ငန်းခွင်အတွင်း ကျန်းမာလုံခြုံမှုရှိစေရန် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီး ဌာန၏ကျန်းမာရေးထုတ်ပြန်ချက်နှင့်အညီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးကန်များအားအဝင်ဝတွင်ထားရှိခြင်း၊ သတ်မှတ်အကွာအဝေးထားရှိခြင်း အစရှိသည်တို့အား ဆောင်ရွက်ပေးလျက်ဖြစ်ပါသည်။ ထို့အပြင်ကုမ္ပဏီမှ ဝန်ထမ်းအားလုံးတို့၏ အကျိုးခံစားခွင့်ရှိသည့်အတိုင်း လစာနှင့်ခံစားခွင့်များကို နှုတ်ယူခြင်းမရှိပဲ အပြည့်အဝ ထောက်ပံ့ပေးခဲ့သည်။ ထို့ကြောင့်လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများကိုယ်စား ကျေးဇူးတင်ရှိသည့်အပြင် Grand Royal Group of International Company Ltd ရဲ့ဝန်ထမ်းတစ်ဦးဖြစ်ရခြင်းကို ဂုဏ်ယူမိပါသည်။

This is Myo Pa Pa Thein and I am working for Production Department. Since the inception of COVID1 9 spread, company is not only providing hand sanitizers, face shields & face mask for employee safety but also followed the MOHS guideline such as scanning body temperature, social distancing, proper basin set up at entry area for employee to be safe in workplace. Besides, all employees were fully supported by company of all entitled salary & allowance in this situation without any deduction. Therefore, I would like to say “Thank You” on behalf of our colleagues and really proud to be a employee in Grand Royal Group of International Company Ltd.



ZAW MYO TUN
Senior DC Executive

ကျွန်တော်က ဦးဇော်မျိုးထွန်းပါ။ Senior DC Executive ရာထူးဖြင့် Main DC, Supply Chain Department တွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။
၂၀၁၉ ခုနှစ် ဒီဇင်ဘာလ လောက်ကစပြီး၊ COVID 19 ရောဂါသည် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်ခံစားနေခဲ့ပါတယ်။ရောဂါ၏ ဆိုးကျိုးများ၊ နောက်ဆက်တွဲပြဿနာများကိုလည်း လူတိုင်း နီးပါး ခံစား နေရပါတယ်။

GRGICL အနေဖြင့်လည်း ဖြစ်ပေါ်လာသော COVID 19 ရောဂါအခြေအနေကြောင့် ကုမ္ပဏီဝန်ထမ်းများ၏ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများကို တဖက်တလမ်းမှ ကူညီ ဆောင်ရွက်လျက်ရှိပါတယ်။
လုပ်ငန်းခွင်အတွင်း Safety PPE များ ပံ့ပိုးခြင်း၊ နေ့စဉ်ကျန်းမာရေးအသိ၊ သတိပေးခြင်း၊ ဆေးဝါးများနှင့် ဆေးပညာရှင်များ အဆင်သင့်ထားရှိပေးခြင်း၊ meeting များကိုလည်း online မှသာ ဆောင်ရွက်ခြင်း၊ အချို့သောဝန်ထမ်းများကို working from home လုပ်ကိုင်စေခြင်း၊ မဖြစ်မနေလုပ်ငန်းခွင်သို့လာရောက်ရပြီးoperationလုပ်ဆောင်ရသည့် ဝန်ထမ်းများကိုလည်း ကျန်းမာရေးနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ပေးခြင်းစသည်များ မလစ်လပ်အောင် စီစဉ်ပေးထားသည့်အပြင်ဝန်ထမ်းများ၏ ရပိုင်ခွင့်လစာ၊ ထပ်ဆောင်း ချီးမြှင့်ငွေတို့ကိုလည်း လျှော့ချခြင်းမရှိ ထောက်ပံ့ ပေးထားပါတယ်

လူမှုပတ်ဝန်းကျင်တွင်လည်း ဆေးဝါးများ လှူဒါန်းခြင်း၊ သန့်ရှင်းသော သောက်သုံးရေများ ရရှိအောင်ဆောင်ရွက်ပေးခြင်း၊ လူပုဂ္ဂိုလ်များအတွက်သာမက ရဟန်းသံဃာများကိုလည်း အာစိဏ္ဏံမပြတ် လှူဖွယ်များ လှူဒါန်းခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိပါတယ် ။

COVID 19 ကာလအတွင်း လူအများ စီးပွားရေးကြပ်တည်းကြသော်လည်း GRGICL ၏ ကူညီထောက်ပံ့ပေးမှုများသည် ဝန်ထမ်းများအတွက်သာမက လူမှုပတ်ဝန်းကျင်အတွက် အကျိုးရှိစေပြီး၊ အလွန်ပင်မွန်မြတ်သည်အတွက် GRGICL

၏ ဝန်ထမ်းတစ်ယောက်ဖြစ်ခွင့်ရတာကို ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

I'm U Zaw Myo Tun, serving as Senior DC Executive at the Main DC, Supply Chain Department.

The outbreak of COVID-19 has been started sicne December 2019, affecting countries all over the world. Almost everyone is suffering from its impacts and concequences. Due to conditions of COVID-19, GRGICL is supporting health and wellfares of employess through every possible mean. No effort is spared in providing safety PPEs, conducting and reminding health education evry single day, providing medicines and medical personnel standing-by, organizing meeting only via online, allowing some employess to work from home, carrying out arrangements for those who have to compulsorily come to the workplace to execute the operation in accordance with health measures. Besides, salaries and additional allowences of employees are not reduced at all but fully provided.

Community works such as donation of medicines, implementation of being able to have the access to clean water, donation to people, offering alms to monks and the Shangha are conitnuously carried out. Although people are facing difficulities in doing business, the support of GRGGICL benifits not only our employees but also the community; therefore, I am very proud of being an employee of GRGICL for all those noble deeds done.

## MacArthur's BRANDED MASK DONATION ACTIVITY



Grand Royal Group International Co.,Ltd ကိုယ်စားပြုအနေဖြင့် MacArthur နှင့် MONT အဖွဲ့မှယခုလို ခက်ခဲနေတဲ့ အခြေအနေမျိုးမှာ ရန်ကုန်မြို့၊ မန္တလေးမြို့တို့တွင် အတူတွဲလုပ်လျက်ရှိသော Draught Beer outlets, Bars နှင့် Restaurants အစရှိသော ဆိုင်ခွဲပေါင်း၁၁၀ကို MacArthur အမှတ်တံဆိပ်ပါ နှာခေါင်းစီး အခုရေ၂၀၀၀ အား လူမှုရေးတာဝန်တရပ်အတိုင်း ပေးဝေခဲ့ပါသည်။

On behalf of Grand Royal Group International Co Ltd, MacArthur Brand & MONT team provided around 2,000 pcs of "MacArthur's branded mask" to 110 partner outlets (Draught Beer outlets, Bars and Restaurants) in Yangon and Mandalay Region as Social Responsibilities during in these difficult situations.



## Thank you for being safe

### Let's continue to be safe ...








## CAREER OPPOTUNITIES

GRAND ROYAL GROUP (ESTD 1995)

- Brand Assistant
- Research Executive
- Innovation Executive
- Procurement Officer
- Health Care Manager
- Brand Manager
- Legal Manager
- Corporate Affair Executive

*Send your CV to :* career@grandroyal-group.com

ESTD 1995

GRAND ROYAL

GROUP

**Grand Royal Group International Company Limited**

No. 33, Pyay Road, 6 1/2 miles, (11) Quarter,
Hlaing Township, Yangon, Union of Myanmar

www.grandroyal-group.com